SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

# ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှု သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် ဇူလိုင်လ ၅ ရက်

## နယ်စပ်အငြင်းပွားမှုပြဿနာများကြောင့် နမ့်ခမ်းမြို့မှ ဒေသခံရွာသားများ ကာလရှည်ကြာ တရုတ်၏လျှပ်စစ်မီးဖြတ်တောက်မှုကိုခံနေရ

ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် နောင်ခမ်းဒေသမှ ဒေသခံပြည်သူများသည် ၂၀၂၀ ဇူလိုင်လတွင် ဖြစ်ပွားခဲ့သော နယ်နမိတ်သတ်မှတ်ရေးအငြင်းပွားမှုပြဿနာကြောင့် တရုတ်နိုင်ငံ၏လျှပ်စစ်ဓါတ်အား ဖြတ်တောက်မှု ကိုခံခဲ့ရပြီး ကာလရှည်ကြာ လျှပ်စစ်မီးပြတ်တောက်မှုကိုကြုံတွေ့နေရသည်။

အိမ်ထောင်စုပေါင်း ၁၆၁ စုမှီတင်းနေထိုင်သောနောင်ခမ်းကျေးရွာသည် တရုတ်နိုင်ငံနယ်စပ်အနီး နမ့်မောဝ်(ရွှေလီ) မြစ်၏ မြောက်ဘက်ကမ်းတွင်တည်ရှိသည်။နောင်ခမ်းကျေးရွာသည် နမ့်ခမ်းမြို့၏ မြောက်ဘက်မှ ၂ ကီလိုမီတာခန့်သာ ကွာဝေးသော်လည်း နမ့်မောဝ်(ရွှေလီ)မြစ်ကိုဖြတ်သန်း၍ သွယ်တန်းထားသောဓာတ် အားလိုင်း မရှိရာ နောင်ခမ်းရွာခံများသည် အိမ်နီးချင်းရွာဖြစ်သည့် တရုတ်နိုင်ငံ နောင်ဆွမ်းရွာမှ လျှပ်စစ်မီးကိုသာ နှစ်ပေါင်း များစွာမှီခိုအားကိုးခဲ့ရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် နောင်ခမ်းရွာတည်နေရာ



၂၀၂၀ အောက်တိုဘာလတွင် တရုတ်နိုင်ငံမှတာဝန်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါပျံ့ပွားမှုကို ကာကွယ် ရန် ဟူသော အကြောင်းပြချက်ဖြင့် တစ်ခုနှင့်တစ်ခု 15 မီတာမှ မီတာ ၂၀ ခြားသော နှစ်ထပ်စည်းရိုးများကို နောင်ခမ်း ရွာနှင့်နီးသော နယ်စပ်တလျှောက်တွင် စတင်တည်ဆောက်ခဲ့သည်။ အဆိုပါခြံစည်းရိုးမှာ တရုတ်ဘက် ခြမ်းတွင် ၇ မီတာမြင့်ပြီး ဗမာပြည်ဘက်ခြမ်းတွင် ၅ မီတာမြင့်ကာ နယ်စပ်တလျှောက်ရှိ လယ်ကွင်း များကိုဖြတ် သန်းတည် ဆောက်ထားသဖြင့် ဒေသခံလယ်သမားအချို့၏ ဝင်ငွေကိုထိခိုက်စေခဲ့သည်။

ထို့နောက် မည်သည့်အသိပေးချက်မှမရှိဘဲ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် တရုတ်အလုပ်သမားများသည် နောင်ခမ်းဒေသခံပြည်သူများပိုင် လယ်ယာမြေများအတွင်းသို့ ဝင်ရောက်ကာ နောက်ထပ် ခြံစည်း ရိုးအလွှာ တစ်ခု ကို စတင်တည်ဆောက်ခဲ့ကြသည်။ နောင်ခမ်းပြည်သူများသည် ၎င်းတို့ကိုတားဆီးခဲ့ပြီး နမ့်ခမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေစာရင်းဌာနမှတာဝန်ရှိသူများကို အခင်းဖြစ်ပွားရာ နေရာသို့ ခေါ် ဆောင်ခဲ့ သည်။ ၎င်းတို့က တရုတ်ဘက်မှတာဝန်ရှိသူများကိုလည်း ခေါ်ဆောင်ခဲ့သော်လည်း  တရုတ်တာဝန်ရှိသူ များမှာ ရောက်ရှိ လာခဲ့ခြင်းမရှိပေ။



*၎င်းတို့၏လယ်ယာမြေများတွင်း ခြံစည်းရိုးအသစ်လာဆောက်နေသော တရုတ်အလုပ်သမားများကိုတားဆီးနေသော ရွာသားများ*

၂၀၂၁ခုနှစ် ဇူလိုင် ၁၈ ရက်နေ့ မနက် ဖနာရီတွင် တရုတ်ဘက်မှ အလုပ်သမား ၅၀ ခန့်သည် အငြင်းပွားမှုဖြစ်ပွားရာ မူလနေရာသို့ပြန်လာခဲ့ပြီး မြေကော်ကားအသုံးပြုကာ ခြံစည်းရိုးကာရံရန် အတွက်မြေ ကျင်းများကိုတူး ဖော်ခဲ့ကျသည်။ နောင်ခမ်းဒေသခံများသည်လည်း ထပ်မံ၍၎င်းတို့ကို တားဆီးရန်ကြိုးပမ်းကာ တရုတ်အလုပ်သမား များအား ၎င်းတို့၏ မြေကော်ကားနှင့်ကျင်းတူး ကိရိယာများကိုထားခဲ့ကာ တရုတ်ဘက်ခြမ်းသို့ပြန်သွား ရန်ဖိအား ပေးခဲ့သည်။  အလုပ်သမား များ သည် လည်း ၎င်းတို့၏မြေကော်ကားနှင့် ကျင်းတူးကိရိယာများကို ရွာသားများ၏ လယ်ကွင်းထဲတွင်ထားခဲ့ကာပြန်သွားကြသည်။ ထို့နောက်ရွာသားများ သည် မြေကော်ကား နှင့်ကျင်းတူး ကိရိယာ များကို သိမ်းယူခဲ့သည်။ထိုအချိန်တွင် တရုတ်စစ်တပ်မှစစ်ကားသုံးစီးသည် နယ်စပ်အခြား တစ်ဘက် ခြမ်းတွင် ကင်းလှည့်နေကြသည်။

ထို့နေ့တွင်ပင် ဒေသခံပြည်သူများသည် နမ့်ခမ်းမြို့မှတာဝန်ရှိသူများကိုထပ်မံခေါ်ခဲ့ကြပြီး တရုတ်ဘက်မှ တာဝန်ရှိသူများနှင့် နယ်နမိတ်အငြင်းပွားမှုကိုဖြေရှင်းစေခဲ့ရာ ဒေသခံရွာသားများက မိမိတို့၏လယ် ယာမြေများကို မဆုံးရှုံး လို ဟုပြောဆိုခဲ့သည်။ထို့နောက်နှစ်ဘက်လုံးက ခြံစည်းရိုးအသစ်တည်ဆောက်မှုကို ရပ်တန့်ရန်သဘောတူခဲ့ပြီး ပြဿနာ များခေတ္တပြီးသွားခဲ့သည်။ တရုတ်အလုပ်သမားများသည် ၄င်းတို့၏ မြေတူး ကိရိယာများကိုပြန်လည် ယူဆောင်ကာ ခြံစည်းရိုးအတွက်တူးထားသော ကျင်းများကိုပြန်လည် မြေဖို့ပေးခဲ့ကြသည်။

**ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် နောင်ခမ်းရွာအနီးနယ်မြေအငြင်းပွားမှုဖြစ်သောနေရာ**




ထို့နောက်နှစ်ရက်အကြာ ၂၀၂၁ ဇူလိုင်လ ၂၀ ရက်နေ့ မနက်၁၀ နာရီတွင် နောင်ခမ်းမှအသုံးပြုလျက်ရှိသော တရုတ်လျှပ်စစ်ဓာတ်အားသည် နောင်ဆွမ်းကျေးရွာမှနေ၍ ရုတ်တရက်ပြတ်တောက်သွားခဲ့သည်။ ဒေသခံများသည် ရွှေလီမြို့ ရှိ တရုတ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများကို ပန်ကြား စာပို့ခဲ့ပြီးနောက် ၄င်းတို့ကနောင်ဆွမ်းကျေးရွာသားများကို လျှပ်စစ် ဓာတ်အားပြန်လည်ဆက် သွယ်ပေး ရန်ပြောဆိုခဲ့သော်လည်း သုံးလကြာသည်အထိ ဓာတ်အား ပြန်လည် ရရှိခဲ့ခြင်းမရှိပေ။ ထိုကာလအတွင်း နောင်ခမ်း ဒေသခံများသည် ဒီဇယ်မီးစက်များနှင့် ဆိုလာချပ်များကို ၄င်းတို့ လျှပ်စစ်ဓာတ်အားအတွက် ဝယ်ယူခဲ့ကြရသည်။ ငွေကြေးချို့တဲ့သော မိသားစုများမှာ ဖယောင်းတိုင်မီး ကိုသာ အားကိုးခဲ့ရသည်။

၂၀၂၁ အောက်တိုဘာလ ၁၀ရက်နေ့တွင် တရုတ်လျှပ်စစ်ဓာတ်အားပေးဌာနမှတာဝန်ရှိသူများသည် နောင်ခမ်းကျေး ရွာကိုလျှပ်စစ်ဓာတ်အားဖြတ်တောက်ခဲ့မှုအတွက် နောင်ဆွမ်းကျေးရွာကို ယွမ်ငွေ ၇၀၀၀ ဒဏ်ရိုက်ခဲ့ပြီး ထိုနေ့ ညနေတွင်လျှပ်စစ်ဓာတ်အားပြန်လည်ရရှိခဲ့သည်။ သို့သော်လည်း ၂၀၂၁ အောက်တိုဘာလ ၁၉ရက်နေ့တွင်

နောင်ခမ်းကျေးရွာရှိနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် လျှပ်စစ်မီးပြန်လည်ပြတ်တောက်သွားခဲ့သည်။ နောင်ခမ်းဒေသခံများလည်း တရုတ်လျှပ်စစ်ဓာတ် အားပေးဌာနမှတာဝန်ရှိသူများကို လျှပ်စစ်ဓာတ်အားပြန်ပေးရန် ဆက် သွယ်ခဲ့သော်လည်း ၄င်းတို့မှာ ထိုဖြစ်စဥ်ကိုဖြေရှင်းရန်အလွန်အလုပ်များနေကြောင်း ပြောဆိုခဲ့ပြီး နောက် ဆုံး တွင်ဖုန်းလက်ခံဖြေကြားခြင်းမရှိတော့ပေ။ ယနေ့အချိန်အထိလျှပ်စစ်ဓာတ်အားမှာလည်း ပြန်လည်ရရှိခြင်း မရှိတော့ပေ။

**ရွှေလီမြစ် (၁) ရေအားလျှပ်စစ်စီမံကိန်းတည်နေရာ**







*www.moee.gov.mm တွင်ဖော်ပြထားသော တည်ရှိပြီးနှင့်ဆက်လက်တည်ဆောက်နေသည့် ဓာတ်အားလိုင်း စီမံကိန်းများ*

နောင်ခမ်းဒေသခံများသည် တရုတ်နိုင်ငံမှလျှပ်စစ်ဓာတ်အားကိုဝယ်ယူသုံးစွဲခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ရှိပြီဖြစ်သည်။ ၄င်းတို့သည် ၂၀၀၂ ခုနှစ်တွင် တရုတ်မီတာဘောက်စ်တပ်ဆင်ခြင်းအတွက် ငွေပေးခဲ့ရပြီး မီတာဘောက်စ်တလုံးလျှင် တရုတ်ယွမ်ငွေ ၅၆၀ ကျသင့်သည်။ မူလက၄င်းတို့သည် လျှပ်စစ်ဓာတ်အား ၁ယူနစ်အတွက် ၁ယွမ် ပေးချေခဲ့ရသော်လည်း ၂၀၀၉ခုနှစ် ရွှေလီ ၁ ရေအားလျှပ်စစ်စီမံကိန်းအပြီးတွင် ၀.၆ ယွမ်အထိလျှော့ ကျသွားခဲ့သည်။

ဒေသခံပြည်သူများက ၄င်းတို့၏လယ်ယာမြေများကိုကျူးကျော်ကာ တရုတ်ဘက်မှနယ်နမိတ်ချဲ့ထွင်ရန် ဆန္ဒကျင်မှု ကြောင့်ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားဖြတ်တောက်ခံရခြင်းဖြစ်သည် ဟုယူဆကြသည်။ အငြင်းပွားမှုဖြစ်ပွား ရာနေရာသည် တရုတ်ဘက်မှ နမ့်မောဂ်(ရွှေလီမြစ်)ပေါ်တွင် အသစ် တည်ဆောက်မည့် နယ်စပ်ဖြတ်ကျော် လမ်းမပေါ်ရှိ တံတားတည်နေရာတွင်တည်ရှိရာ ဒေသခံများမှာ ၄င်းတို့၏ မြေယာများဆုံးရှုံးမည် ကိုစိုးရိမ် နေကြသည်။

တရုတ်နိုင်ငံသည် နမ့်ခမ်းမြို့၏ ရွှေလီ၁ရေအားလျှပ်စစ်စီမံကိန်းမှ အကျိုးအမြတ် များစွာရရှိပြီးဖြစ်သော်လည်း ယခုကဲ့သို့နမ့်ခမ်း ဒေသခံများ၏ အိမ်သုံးလျပ်စစ်မီးကို ဖြတ်တောက်ခြင်းသည် ဖမ်းနည်းစရာကောင်းလှသည်။

ရွှေလီ ၁စီမံကိန်းသည် တရုတ်နိုင်ငံ၏ Yunnan United Power Development Co. Ltd. နှင့် မြန်မာအစိုးရ၏ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့်ဖက်စပ်စီမံကိန်း တစ်ခု ဖြစ်ပြီး နှစ်လေးဆယ်တည် ဆောက်-စီမံ-လွှဲ ပြောင်း(BOT) သဘောတူညီချက်ဖြင့်ဆောင်ရွက်သော စီမံကိန်းဖြစ်သည်။ စီမံကိန်း၏ တပ် ဆင် လည်ပတ်နိုင်စွမ်း ၆၀၀ မီဂါဝပ်မှ ၄၀၀မီဂါဝပ်ကို မြန်မာပြည်အတွက်အသုံးပြုပြီး ၂၀၀မီဂါဝပ်ကိုမူ တရုတ်နိုင်ငံသို့ တင်ပို့သည်။ သို့သော်လည်း ရွှေလီ၁စီမံကိန်းမှ ရေအားလျှပ်စစ်ဓာတ်အား၏ များပြားသော ပမာဏကို စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်အနီးရှိ China Nonferrous Metal Mining Group မှလည်ပတ်နေသော တကောင်းတောင်နီကယ်သန့်စင်ရေးစက်ရုံသို့ပို့ဆောင်ရသည်။

နောင်ခမ်းဒေသခံများသည် ၄င်းတို့ကျေးရွာ၏အနောက်ဘက် မီတာ ၂၀၀ခန့်မှဖြတ်သန်းသွားသော တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း၏ နိုင်ငံဖြတ်ကျော် သဘာဝဓာတ်ငွေ့နှင့်ရေနံပိုက်လိုင်း အပါအဝင် အခြားတရုတ် စီမံကိန်းများ၏ အကျိုးဆက်ကိုထိခိုက်ခံစားခဲ့ရပြီးဖြစ်သည်။၂၀၁၀ ခုနှစ် ပိုက်လိုင်းများကိုစတင်နေရာချ ထားစဥ် ကတည်းက ဒေသခံတောင်သူလယ်သမားများသည် ၄င်းတို့၏ လယ်ယာမြေများကိုတူးဖော်မှုအတွက် ကျေနပ်ဖွယ် မကောင်း သော လျော်ကြေးငွေကိုရရှိခဲ့ပြီး မြန်မာအစိုးရစစ်တပ်၏ လုံခြုံရေးတိုးမြင့်မှုနှင့် မြေမြုပ်မိုင်းဒဏ်ကိုခံစား ခဲ့ရ သည်။၂၀၁၁ ခုနှစ်တွင် နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက်မှ လယ်သမားဖြစ်သူ လုံးအောင်ညွန့်သည် ဓာတ်ငွေ့ပိုက်လိုင်းအနီး ၄င်းလယ်ထဲတွင် မြေမြုပ်မိုင်းနင်းမိပြီး ပြင်းထန်စွာဒဏ်ရာရခဲ့သည်။ ပိုက်လိုင်း အနီးတွင်နေ ထိုင်သောရွာသူရွာသား များသည် ဓာတ်ငွေ့ယိုစိမ့်မှုနှင့် ပေါက်ကွဲမှုဖြစ်မည်ကိုစိုးရိမ် နေကျဆဲဖြစ်သည်။

နောင်ခမ်းဒေသခံများသည် ယူနန်ခရိုင်တွင် ၂၀၁၀ ခုနှစ်က နမ့်မောဂ် (ရွှေလီ) မြစ်ပေါ်တွင်တည်ဆောက်ခဲ့သည် လုံကျင်း ရေအားလျှပ်စစ်စီမံကိန်း၏ ဒဏ်ကို လည်းခံစားနေရသည်။ရှမ်းပြည်မြောက်ပိုင်းမှ မြစ်အောက်ဘက်ပိုင်း တွင်နေထိုင်သော ထောင်နှင့် ချီသောကျေးရွာများမှ ဒေသခံများသည် ရုတ်တရက်ရေအတက်အကျကြောင့် ကူးတို့ လှေများ သောင်တင်ခြင်း လယ်ယာမြေများရေလွှမ်းမိုးခြင်းတို့ကိုကြုံတွေ့ရကာ စားဝတ်နေရေး ထိခိုက်ခဲ့ရသည်။ ဆည်၏ အနယ်အနှစ်များပိတ်ဆို့မှုသည် မြစ်ကမ်းပါးတိုက်စားမှုများအားပိုမိုဖြစ်ပေါ်စေပြီး နောင်ခမ်း ဒေသတွင် တူး

ဖော်နေသော တရုတ်မှပံ့ပိုးသည့် သဲတူးဖော်မှုကြောင့် ပိုမိုဆိုးရွားလာစေသည်။ အဆိုပါသဲများကို တရုတ်နိုင်ငံ အတွင်းရှိဆောက်လုပ်ရေးလုပ်ငန်းများသို့ပို့ဆောင်ပြီး သယ်ယူပို့ဆောင်သည့်အချိန်တွင်လေထု ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန် +66 94-728-6696 (ရှမ်း၊ အင်္ဂလိပ်)

စိုင်းဆန်လွယ် +66: 88 680 4913 (ရှမ်း၊ မြန်မာ)

ယိင်းလျန်းဟန် +66 62 569 5220 (ရှမ်း၊ မြန်မာ)